ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (၂၀၂၂ – ၂၀၂၃)

(Village Development Project)

စဉ့်အင်ကျေးရွာအုပ်စု၊ စဉ့်အင်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စဉ့်အင်ကျေးရွာ၊ လားရှိုးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	စဉ့်အင်ကျေးရွာသယံဇာတပြမြေပုံ၊လာ:ရှိုးမြို့နယ်	၆
	စဉ့်အင်ကျေးရွာရာသီခွင်ပြပြကွဒိန်၊လာ:ရှိုးမြို့နယ်	၇
	စဉ့်အင်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊လာ:ရှိုးမြို့နယ်	၈

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၄
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၄
	(ငံ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်	၁၅
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅

၆။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၆
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၆
၇။	**ပညာရေး**	၁၆
၈။	**ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၁၇
၉။	**ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၈
၁၀။	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	၁၈
၁၁။	**ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**	၁၉
၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး**	၁၉
၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	၂၀
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	၂၂
	စီမံချက်အဆိုပြုလွှာ(၁)	၂၃
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၅
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၆
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၈

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ဘဏ္ဍာရေးနှစ် မှ ၂၀၁၉/၂၀၂၂ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း

ဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော် လည်းလူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်

သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲ

များနှင့် ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဓာတ်စသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


မတ်လ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


စဉ့်အင်ကျေးရွာ

လားရှိုးမြို့နယ်


စဉ့်အင်ကျေးရွာသယံဇာတပြမြေပုံ၊လား:ရှိုးမြို့နယ်



စဉ်အင်ကျေးရွာရာသီခွင်ပြပြကွဒိန်၊လားရှိုးမြို့နယ်



စဉ့်အင်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊လာ:ရှိုးမြို့နယ်



02/21 11:31

အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

စဉ့်အင်ကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်းလားရှိုးမြို့နယ်တွင် တည်ရှိပြီး လားရှိုးမြို့နှင့် (၂၅)မိုင်ခန့်ကွာဝေးပါသည်။ စဉ့်အင်ရွာ၏အရှေ့အရပ်တွင် ဟိန်းလွမ့်ကျေးရွာ၊အရှေ့မြောက်အရပ်တွင် ပန်ဆပ်ရွာ၊ အနောက်အရပ်တွင် နမ့်အွန်ကျေးရွာ၊ တောင်အရပ်နှင့်မြောက်အရပ်တွင် ပြောင်းဖူးစိုက်ခင်း များရှိပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ စဉ့်အင်ရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ် မူဆယ်-မန္တလေး ကားလမ်းမပေါ်တွင် တည်ရှိပါသည်။ ရွာ၏မြောက်ဘက်တွင် နာနတ်စိုက်ခင်း၊ လယ်ကွက်နှင့် ရာဘာပင် စိုက်ထားသော တောင်တန်း ကာရံထားပါသည်။ ရွာ၏ အရှေ့ဘက်နှင့် တောင်ဘက်တွင် နာနတ်စိုက်ခင်းနှင့် တောင်ယာများ ရှိပါသည်။ ရွာ၏ အရှေ့ဘက် ကားလမ်းဘေးတလျှောက်တွင် သစ်တောကြိုးဝိုင်း ရှိပါသည်။ ရွာ၏အနောက်ဘက်တွင် သီပေါမြို့နယ်၊ နမ့်အွန်ရွာ ရှိပါသည်။ လားရှိုးမြို့နယ် စဉ့်အင်ရွာနှင့် သီပေါမြို့နယ် နမ့်အွန်ရွာကြားတွင် နမ္မချောင်းသည် အရှေ့မှ အနောက် သို့ ဖြတ်သန်းစီးဆင်းသွားပါသည်။ ရွာအနီးပတ်ဝန်းကျင်တွင် ထိကရုန်း၊ ဆင်တုန်းမန္တယ်၊ သံမနိုင်ကျောက်မနိုင်၊ ဂျာမဏီ(ပီဇာ)စသည့် ဆေးဘက်ဝင်အပင်များကို တွေ့ရပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များအနေဖြင့် ဌက်၊ ရှဉ့်၊ မြွေ၊ တောကြက်၊ တောဝက်နှင့် တောကြောင်စသည့် အကောင်များကို အများဆုံးတွေ့ရပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် ရှမ်းလူမျိုးအများစု နေထိုင်ကြပါသည်။ အိမ်ခြေ(၁၈၇)အိမ်၊ အိမ်ထောင်စု (၁၈၇)စု ရှိပြီး လူဦးရေစုစုပေါင်း (၇၆၂)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄-၅)ဦးရှိပါသည်။ ကျွန်တော်တို့ စဉ့်အင်ရွာ၏လူဦးရေမှာနို့စို့အရွယ်ကျား(၇)ဦး၊ မ (၅)ဦး၊ (၅)နှစ်အောက်ကလေးငယ်များမှာ ကျား(၃၁)ဦး၊ မ(၂၉)ဦး၊ မူလတန်ကျောင်းသားအရွယ်(၁၀)နှစ်အောက် ကျား(၃၅)ဦး၊ မ(၃၄)ဦး၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၃၄)ဦး၊ မ (၂၂)ဦး၊ (၁၅)နှစ်မှ(၆၄)နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား(၂၄၇)ဦး၊ မ (၂၉၂)ဦး၊ (၆၅)နှစ်နှင့်အထက်ကျား (၁၆)ဦး၊ မ(၁၀)ဦး ဖြစ်သည်။

(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်တော်တို့ စဉ့်အင်ရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး ဖြစ်ပါသည်။ စျေးရောင်းသူ လည်း ရှိပါသည်။ ကျွန်တော်တို့ စဉ့်အင်ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရေကို စိုက်ပျိုးရေးအဖြစ် အသုံးပြုပါသည်။ တောင်သူတို့သည် နာနတ်နှင့် ပြောင်းကို အဓိကစိုက်ပျိုးကြပါသည်။ ကျွန်တော်တို့ ရွာတွင် အိမ်ထောင်စု (၁၈၇)စု မှ (၁၆၁)စုသည် ကိုယ်ပိုင်လယ်ယာ လုပ်ကိုင်ကြသူများဖြစ်ပါသည်။ လယ်ယာလုပ်ကိုင်ရာတွင် အလုပ်သမားငှားရမ်း လုပ်ကိုင်ရပါသည်။ စိုက်ပျိုးချိန်တွင် အလုပ်သမား လွယ်လွယ်ကူကူ မရနိုင်ပါ။ အမျိုးသားအလုပ်သမားသည် အမျိုးသမီး အလုပ်သမားထက် လုပ်အားခ ပိုရပါသည်။ အမျိုးသားသည် တစ်နေ့လုပ်အားခ အများဆုံး (၆၀၀၀)ကျပ်၊ အနည်းဆုံး (၅၀၀၀)ကျပ် ရပြီး၊ အမျိုးသမီးမှာ တစ်နေ့လုပ်အားခ အများဆုံး (၅၀၀၀)ကျပ်၊ အနည်းဆုံး (၄၅၀၀)ကျပ် ရပါသည်။ အမျိုးသား အလုပ်သမားသည် ပြောင်းအိတ်၊ နာနတ်သီးများကို ထမ်းရခြင်းနှင့် အမျိုးသမီး အလုပ်သမား ထက် ပိုလေးသော အလုပ်ကို လုပ်ကိုင်ရသောကြောင့် ဖြစ်ပါသည်။

ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၅%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၅%)၊ မပြေလည်သောအိမ်ထောင်စု (၇၀%)ရှိပါသည်။ ကျွန်တော်တို့ရွာတွင် အဆင်ပြေသော အိမ်ထောင်စုများသည် မြေဧက ပိုင်ဆိုင်မှုများပြီး စိုက်ပျိုးသီးနှံမှ အမြတ်ငွေကြောင့် တိုက်အိမ်ဟောင်းများနှင့် နေထိုင်ပြီး လက်တွန်းထွန်စက်၊ ထော်လာဂျီနှင့် တစ်ချို့အိမ်မှာ ထွန်စက်ကြီးနှင့် ခြွေလှေ့စက်ကို ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် မြေဧကပိုင်ဆိုင်မှု အသင့်အတင့် ရှိပါသည်။ သီးနှံအမြတ်ငွေ အသင့်အတင့်ရှိသောကြောင့် တစ်ထပ်တိုက်အိမ်နှင့် နေထိုင်ကြပြီး ထော်လာဂျီနှင့် လက်တွန်းထွန်စက်ကို ပိုင်ဆိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် မြေဧက ပိုင်ဆိုင်မှု နည်းသောကြောင့် စီးပွားရေး အဆင်မပြေကြပါ။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေး အဆင့်အတန်းနှင့် ဆင်းရဲချမ်းသာ မညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ကျေးရွာ၏ (၃၀%) သည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများ ဖြစ်ကြသည်။ မြေယာမဲ့ မိသားစုများသည် စိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားအလုပ်လုပ်ကိုင် ကြပါသည်။ ပြည်ပသို့ သွားရောက်၍ အလုပ်သွားလုပ်ကြသူများလည်း ရှိပါသည်။

ကျွန်တော်တို့ရွာတွင် မြေယာမဲ့ (၆၁)အိမ် ရှိပါသည်။ (၂.၅)ဧကအောက် ပိုင်ဆိုင်သော အိမ်ခြေပေါင်း (၃၅)အိမ် ရှိပါသည်။ (၂.၅)ဧက မှ (၅)ဧက အောက် ပိုင်ဆိုင်သော တောင်သူငယ် အိမ်ခြေပေါင်း (၂၇)အိမ် ရှိပါသည်။ (၅)ဧက မှ (၁၂.၅)ဧက အောက် ပိုင်ဆိုင်သော တောင်သူလတ် အိမ်ခြေပေါင်း (၈၀)ရှိပါသည်။ (၁၂.၅)ဧက အထက် ပိုင်ဆိုင်သော အိမ်ခြေပေါင်း (၁၉)အိမ် ရှိပါသည်။ ကျွန်တော်ရွာတွင် အဆင်ပြေသော အိမ်အချို့သာလျှင် ထွန်စက်ကြီးကို ဝယ်ယူနိုင်ပြီး ရွာတွင် ကိုယ်ပိုင်ထွန်စက်ကြီး (၆)စီး ရှိပါသည်။ လက်တွန်းထွန်စက် စုစုပေါင်း (၈၅)စီး ရှိပါသည်။ ကျွန်တော်တို့ရွာတွင် ကိုယ်ပိုင် ခြွေလှေ့စက်ရှိသောအိမ် (၄)အိမ် ရှိပါသည်။ အိမ်တိုင်းနီးပါး မြက်ရိတ်စက်ကို အသုံးပြုကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ရွာတွင် သစ်ခုတ်၍ တောင်ယာ/ခြံလုပ်ကိုင်မှု များပြားလာသောကြောင့် သစ်တော ပြုန်းတီးလာပါသည်။ ကျွန်တော်တို့ရွာတွင် မူးယစ်ဆေးဝါး သုံးစွဲမှုများပြားလာသောကြောင့် မိသားစု စားဝတ်နေရေး အဆင်မပြေခြင်းနှင့် သူခိုးပေါများလာခြင်း စသည့်ထိခိုက်နစ်နာမှုများ ရှိလာပါသည်။ မူးယစ်ဆေးဝါးကြောင့် လူငယ်များ ထိခိုက်ခံစားမှု မြင့်မားလာပါသည်။ မြေယာမဲ့ ဆင်းရဲသား တောင်သူ များသည်လည်း စိုက်ပျိုးရေးတွင် နေ့စားအလုပ်လုပ်ကိုင်သော်လည်း စားဝတ်နေရေး အခက်အခဲ ရှိပါ သည်။ ထို့ကြောင့် လုပ်အားခပိုရသော ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်သူ ရှိပါသည်။ ရွှေ့ပြောင်းလုပ်သား များသည် စားဝတ်နေရေးအတွက် အလုပ်အာမခံချက် မရှိသောကြောင့် ထိခိုက်ခံစားမှု မြင့်မားပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန် စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျွန်တော်တို့ရွာ၌ သာရေးနာရေး၊ လူမှုရေး ကိစ္စအဝဝ များတွင် လူငယ်အမျိုးသား၊ အမျိုးသမီးများကဦးဆောင်၍ တာဝန်ထမ်းဆောင်ပေးကြသည်။ဘာသာရေး ကိစ္စများတွင် ဂေါပကတို့က ဦးဆောင်၍ တက်ညီလက်ညီနှင့် တစ်ရွာလုံး ဆောင်ရွက်ကြပါသည်။

ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆၄)နှစ်အထက် အမျိုးသမီး(၂)ယောက်ရှိပါသည်။ရပ်မိရပ်ဖများမှအခါအားလျော်စွာကူညီပေးလျှက်ရှိပါသည်။ ကျွန်တော် တို့ စဉ့်အင်ကျေးရွာတွင် သစ်ပင်ခုတ်၍ မီးသွေး ဖုတ်ခြင်း၊ သစ်ခုတ်၍ တောင်ယာနှင့် ဥယျာဉ်ခြံ များ လုပ်ကိုင်သူများပြားလာသောကြောင့် သစ်တော ပြုန်းတီးမှု များပြားနေပါသည်။ ကျွန်တော်တို့စဉ့်အင် ကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲခြင်းများကြောင့် လူငယ်များထိခိုက်မှုမြင့်မားပါသည်။ ကျွန်တော်တို့ ကျေးရွာရှိမြေယာမဲ့ ဆင်းရဲသားတောင်သူများသည် နေ့စား၊ ကျပန်းလုပ်ကိုင်ကြရသောကြောင့် စီးပွားရေး အဆင်မပြေကြပါ။ ထို့ကြောင့် လုပ်အားခပိုမိုရရှိသောပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသူ များပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် အလုပ်အာမခံချက်မရှိသောကြောင့် ထိခိုက်မှု မြင့်မားပါသည်။

ကျွန်တော်တို့စဉ့်အင်ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ပြည်သူ့စစ် အဖွဲ့၊ မီးသတ်အဖွဲ့များရှိပါသည်။ ကျေးရွာ၏ဖွံ့ဖြိုးရေး နှင့် လူမှုရေးကိစ္စအဝဝကို အုပ်ချုပ်ရေးအဖွဲ့မှ စီမံခန့်ခွဲမှုပြုလုပ်ပါသည်။ ကျေးရွာ၏ သာရေး/နာရေးကိစ္စများတွင် လူငယ်အဖွဲ့မှဦးဆောင်ကာ ကူညီ ဆောင်ရွက်ပေးပါသည်။ ဘုရားပွဲများ၊ တရားပွဲများ၊ ဘာသာရေးကိစ္စရပ်များကိုဂေါပကအဖွဲ့မှ တာဝန်ယူ ဆောင်ရွက်ပါသည်။ကျေးရွာ၏ လုံခြုံရေးနှင့်ကာကွယ်ရေးကို ပြည်သူ့စစ်အဖွဲ့ရှိ၍ စိတ်ချရပါသည်။ မီးဘေးလုံခြုံရေးအတွက် မီးသတ်အဖွဲ့မှ ဆောင်ရွက်ပါ သည်။

ကျွန်တော်တို့ စဉ့်အင်ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပေးနေကြသော ပြင်ပ

အဖွဲ့အစည်းများ မရှိပါ။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ စဉ့်အင်ရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုမှာ လယ်မြေ (၃၃)ဧက၊ ယာမြေ/ တောင်ယာမြေ(၆၂)ဧကနှင့်ဥယျာဉ်ခြံမြေ (၄.၈၆.၅)ဧက ရှိပါသည်။ ကျွန်တော်တို့ရွာ၏ စိုက်ပျိုးမြေစုစုပေါင်း (၁၁၄၀.၅)ဧက ရှိပါသည်။ ကျွန်တော်တို့ စဉ့်အင်ရွာသည် ပြောင်းနှင့် နာနတ်သီးကို အဓိကစိုက်ပျိုးပါသည်။ (၃၀.၇၅ပိဿာဝင်အိတ်) မြေတစ်ဧကမှာ ပြောင်းအနည်းဆုံး (၃၅)အိတ် (၁၀၇၆.၂၅ ပိဿာ) ထွက်ပြီး ပြောင်းအများဆုံး (၆၀)အိတ် (၁၈၄၅ ပိဿာ) ဖြစ်ပါသည်။ မြေတစ်ဧကပျမ်းမျှ ပြောင်းအထွက်နှုန်းမှာ (၄၈)အိတ် (၁၄၇၆ ပိဿာ) ဖြစ်ပါသည်။ မြေတစ်ဧကမှာ နာနတ်ပျိုးပင် (၁၀၀၀၀)ခန့် စိုက်ပျိုးနိုင်ပြီး နာနတ်သီး အများဆုံး (၈၀၀၀)လုံး ထွက်ပါသည်။ အနည်းဆုံး (၆၀၀၀)လုံး ထွက်ပါသည်။ မြေတစ်ဧကနာနတ်သီး ပျမ်းမျှအထွက်နှုန်းမှာ (၇၀၀၀)လုံး ထွက်ပါသည်။ နာနတ်ကို ဇန်နဝါရီလမှ ဧပြီလအထိ စိုက်ပျိုးနိုင်ပါသည်။

ကျွန်တော်တို့ရွာတွင် မြေယာမဲ့ (၇၃)အိမ် ရှိပါသည်။ (၂.၅)ဧကအောက် ပိုင်ဆိုင်သော အိမ်ခြေပေါင်း (၃၁)အိမ်ရှိပါသည်။(၂.၅)ဧကမှ (၅)ဧကအောက်ပိုင်ဆိုင်သောတောင်သူငယ် အိမ်ခြေပေါင်း(၂၄) အိမ်ရှိပါသည်။ (၅)ဧကမှ(၁၂.၅)ဧကအောက်ပိုင်ဆိုင်သောတောင်သူလတ် အိမ်ခြေပေါင်း (၇၄)အိမ် ရှိပါသည်။ (၁၂.၅)ဧကအထက် ပိုင်ဆိုင်သော အိမ်ခြေပေါင်း (၂၀)အိမ် ရှိပါသည်။

ကျွန်တော်တို့စဉ့်အင်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများသည် မြေဧကပိုင်ဆိုင်မှုများပြီး စိုက်ပျိုးသီးနှံများမှ အမြတ်ငွေများသောကြောင့် တိုက်အိမ်ကောင်းများ ဆောက်လုပ်နိုင်ကြပါသည်။ စက်ကိရိယာများ(ထွန်စက်၊ ထော်လာကျီ၊ လက်တွန်းထွန်စက်နှင့် ခွေလှေ့စက်)လည်း ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများသည် မြေဧကပိုင်ဆိုင်မှုသိပ်မများသောကြောင့် သီးနှံအမြတ်ငွေသိပ်မရပါ။ ထို့ကြောင့် အသင့်အတင့်ကောင်းမွန်သော တစ်ထပ်တိုက်အိမ်ဖြင့်သာ နေထိုင်ကြပြီး ထော်လာကျီနှင့်လက်တွန်းထွန်စက်သာပိုင်ဆိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုများသည် စိုက်ပျိုးမြေဧကပိုင်ဆိုင်မှုနည်းပြီး စီးပွားရေးအဆင်မပြေပါ။ သီးနှံစိုက်ပျိုးပြီးလျှင် ပြည်ပသို့ အလုပ်သွားလုပ်သူလည်းရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် နေ့စား၊ ကျပန်းအလုပ်လုပ်ကိုင် ကြပြီး ပြည်ပသို့သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။

ကျွန်တော်တို့စဉ့်အင်ကျေးရွာတွင် ရွာသူ/သားအားလုံးနီးပါး စိမ့်စမ်းရေကိုသာ အသုံးပြုကြပါ

သည်။ စိမ့်စမ်းရေထွက်ရှိသောနေရာနှင့် ကျေးရွာသည် (၃)မိုင်ခန့် ကွာဝေးပါသည်။ စိမ့်စမ်းရေထွက်မှ ကျေးရွာတွင်းရှိ ရေလှောင်ကန်သို့ ပိုက်ဖြင့် သွယ်တန်းကာ သိုလှောင်ထားပါသည်။ ရေလှောင်ကန်မှ တဆင့် အိမ်တိုင်ရာရောက် ပိုက်ဖြင့်သွယ်တန်း အသုံးပြုကြပါသည်။ စိမ့်စမ်းရေမှ တစ်နှစ်ပတ်လုံး ရရှိပါသည်။ နမ္မချောင်းမှ ရေကိုလည်း အသုံးပြုကြသူများလည်းရှိပါသည်။

ကျွန်တော်တို့ စဉ်အင်ရွာသည် ပြောင်းနှင့်နာနတ်သီးကို အဓိကစိုက်ပျိုးပါသည်။ (၃၀.၇၅ပိဿာ ဝင်အိတ်) မြေတစ်ဧကမှာ ပြောင်းအနည်းဆုံး (၃၅)အိတ် (၁၀၇၆.၂၅ ပိဿာ) ထွက်ပြီး ပြောင်းအများဆုံး (၆၀)အိတ် (၁၈၄၅ ပိဿာ)ဖြစ်ပါသည်။ မြေတစ်ဧက ပျမ်းမျှပြောင်းအထွက်နှုန်းမှာ (၄၈)အိတ် (၁၄၇၆ ပိဿာ) ဖြစ်ပါသည်။ မြေတစ်ဧကမှာ နာနတ်ပျိုးပင် (၁၀၀၀၀)ခန့် စိုက်ပျိုးနိုင်ပြီး နာနတ်သီး အများဆုံး (၈၀၀၀)လုံး ထွက်ပါသည်။ အနည်းဆုံး (၆၀၀၀)လုံးထွက်ပါသည်။ မြေတစ်ဧက နာနတ်သီး ပျမ်းမျှအထွက်နှုန်းမှာ (၇၀၀၀)လုံး ထွက်ပါသည်။ နာနတ်ကို ဇန်နဝါရီလမှ ဧပြီလအထိ စိုက်ပျိုးနိုင်ပါသည်။

ကျွန်တော်ရွာတွင် အဆင်ပြေသော အိမ်အချို့သာလျှင် ထွန်စက်ကြီးကို ဝယ်ယူနိုင်ပြီး ရွာတွင် ကိုယ်ပိုင်ထွန်စက်ကြီး (၆)စီး ရှိပါသည်။ လက်တွန်းထွန်စက် စုစုပါင်း (၈၅)စီး ရှိပါသည်။ ကျွန်တော်တို့ရွာတွင် ကိုယ်ပိုင်ခွေလှေ့စက်ရှိသောအိမ် (၄)အိမ်ရှိပါသည်။ အိမ်တိုင်းနီးပါး မြက်ရိတ်စက်ကို အသုံးပြုကြပါသည်။

ကျွန်တော်တို့စဉ်အင်ကျေးရွာရှိလယ်ယာမြေများသည် တောင်ကုန်း တောင်တန်းများဖြင့် ဖွဲ့စည်းထားပါသည်။ လယ်ယာမြေအားလုံးစိုက်ပျိုးနိုင်သောကြောင့် လယ်ယာ မြေအသုံးချနိုင်မှု ကောင်းမွန်ပါသည်။ ရာသီဥတုမှာသင့်တင့်မျှတမှုရှိပါသည်။ နမ္မချောင်းနှင့် ရွာတွင်းရှိချောင်းငယ်များသည် ရေသွင်းစိုက်ပျိုးရေးအတွက် အလွန် အဆင်ပြေပါသည်။ အရင်းအနှီး မရှိသောသူများသည် စိုက်ပျိုးရေးအတွက် ချေးငွေများရရှိကြပါသည်။သီးနှံမျိုးစေ့များ၊ဓါတုပိုးသတ်ဆေးများနှင့်မြေဩဇာများကို လားရှိုးမြို့ ပေါ်သို့ သွားရောက်ဝယ်ယူကြပါသည်။ သီးနှံ များကို တရုတ်ပြည်သို့ တင်ပို့ရောင်းချနိုင်သော်လည်း စျေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ပါ။

ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် စိုက်ပျိုးရေးဆိုင်ရာနည်းပညာဝန်ဆောင်မှုများမရှိပါ။ ကျေးရွာတွင် သီးနှံဖျက်ပိုးနှင့် ရောဂါကျရောက်မှုရှိပါသည်။ အထူးသဖြင့် ပြောင်းဖျက်ပိုး ကျရောက်ပါသည်။ စိုက်ပျိုးရာသီတွင် စိုက်ပျိုးချိန်ကာလတူညီသောကြောင့် လုပ်သားအင်အား အလွယ်တကူမရရှိပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ရွာတွင် ကျွဲ၊ ဝက်၊ ကြက်များကို မွေးမြူထားခြင်း မရှိတော့ပါ။ ဘဲအနည်းငယ်ကိုသာ အိမ်တွင်စားသုံးရန်အတွက်သာ မွေးမြူပါသည်။ ကျွန်တော်တို့ရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး ဖြစ်ပါသည်။ စီးပွားဖြစ် မွေးမြူရေးနှင့် သားငါး ထုတ်လုပ်ရေး လုပ်ငန်းမရှိပါ။ ကျွန်တော်တို့ စဉ့်အင်ကျေးရွာတွင် စိုက်ပျိုးရေးနှင့် ဈေးရောင်းဝယ်ကိုသာ လုပ်ကိုင်ကြသူများပါသည်။ အခြားလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျွန်တော်တို့ရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်း ပြုနိုင်သော ပန်းရံ၊လက်သမားနှင့်စက်ချုပ်ပညာ တတ်မြောက်သူ အနည်းငယ်ရှိပါသည်။ ကျွန်တော်တို့ရွာ၏ အဓိက လုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သောကြောင့် စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းအတွက် လုပ်သား အင်အား ရနိုင်မှု နည်းပါသည်။ ကျွန်တော်တို့ရွာတွင် လယ်ယာသားငါးမဟုတ်သော အခြားဒေသထွက်ကုန် မရှိပါ။ အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု မရပါ။

ကျွန်တော်တို့စဉ့်အင်ကျေးရွာတွင် အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင် သူ အနည်းငယ် ရှိပါသည်။ ပန်းရံလုပ်ငန်း၊လက်သမားလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ကြ ပါသည်။ စဉ့်အင်ကျေးရွာသည် မန္တလေး-မှူဆယ်သွားလမ်းပေါ်တွင် တည်ရှိသောကြောင့် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ကိုင်ကြသောကြောင့် အခြားလုပ်ငန်း အတွက် လုပ်သားအင်အားမှမရှိပါ။ ဈေးကွက်လည်း မရှိပါ။ အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်း အတွက် နည်းပညာဝန်ဆောင်မှုများလည်း မရရှိပါ။ အလုပ်အကိုင် အခွင့်အလမ်းမှာလည်း နည်းပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ

ကျွန်တော်တို့ရွာ၏ မြေယာမဲ့ဆင်းရဲသားများသည် စိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားအလုပ် လုပ်ကိုင်ကြပါသည်။ မြေယာမဲ့ဆင်းရဲသားနှင့် စိုက်ပျိုးမြေကေ ပိုင်ဆိုင်မှုနည်းသောသူအချို့သည် စားဝတ်နေရေး ဖြေရှင်းနိုင်ရန်နှင့် ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေရရန် လုပ်အားခ ပိုရသော ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြပါသည်။

ကျွန်တော်တို့စဉ့်အင်ကျေးရွာတွင် ကျေးရွာတွင်းလုပ်ကိုင် ရှာဖွေစားသောက်ပါက စားဝတ်နေရေး အတွက်သာ အဆင်ပြေခြင်း၊ သားသမီးပညာရေးအတွက် ကောင်းစွာမထောက်ပံ့နိုင်ခြင်း၊ မိသားစု ကျန်းမာရေးအတွက်ဆေးကုသရန် မတတ်နိုင်ခြင်းနှင့်

ကျေးရွာ၏ လူမှုရေးလုပ်ငန်းများတွင် ငွေကြေး ထည့်ဝင်နိုင်မှုမရှိခြင်း၊ အကြွေးများ မဆပ်နိုင်ခြင်းများကြောင့် အခြားနိုင်ငံသို့ သွားရောက်လုပ်ကိုင် ရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်သူ(၁၄)အိမ် ရှိပါသည်။ ရွှေ့ပြောင်းလုပ်ကိုင်သည့် အိမ်ထောင်စု(၁၄)ခုရှိသည့်အနက် (၅)အိမ်သည် အနည်းငယ်သာ ပြန်ပို့ငွေကိုမှီခိုရပြီး (၃)အိမ်သည် ပြန်ပို့ငွေကို အဓိကအားကိုးနေရပါသည်။ ပြန်ပို့ငွေများကို လူကြုံဖြင့်သော်လည်းကောင်း၊ အချို့အိမ်ထောင်စုများသည် ပိုင်ရှင်သူဌေးမှတ်ပုံတင်ဖြင့် ဘဏ်မှတစ်ဆင့် ဖြင့်သော်လည်းကောင်း လွှဲပို့ကြပါသည်။

(ငဂ) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်

ကျွန်တော်တို့စဉ်အင်ကျေးရွာ၏ အနီးဆုံးစျေးမှာ ရွာတွင်းတွင် တည်ရှိပါသည်။ ပစ္စည်း များကို ဆိုင်ကယ်ဖြင့်သာသယ်ယူကြပါသည်။ မီးဖိုချောင်သုံးပစ္စည်းများနှင့် အိမ်သုံး ပစ္စည်း၊ အဝတ်အထည်များကို ဝယ်ယူရရှိနိုင်ပါသည်။ စျေးအဆောက်အဦးမှာ ဟောင်းနွမ်းနေပါသည်။ စျေးရောင်းသူများသည် ဝန်ဆောင်မှုကောင်းမွန်ပါသည်။ ကျေးရွာ၏ အကြီးစားစျေးကွက်မှာ လားရှိုးစျေးဖြစ်ပါသည်။ ပစ္စည်းစုံဝန်ဆောင်မှုစုံရရှိပါသည်။စျေးအဆောက်အဦကောင်းမွန်ပါသည်။ ကျေးရွာနှင့်(၂၅)မိုင်ခန့်ကွာဝေးပါသည်။ လားရှိုးစျေးသို့ ကား၊ ဆိုင်ကယ်များဖြင့်သာ သွားရောက်ကြပါသည်။

(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် ကျေးရွာသူ/သားများကို ဝုန်းမေတ္တာအဖွဲ့၊ သမဝါမ အသင်းနှင့် သမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ်တို့မှ ချေးငွေရရှိပါသည်။ ချေးငွေကာလမှာ (၆လမှ၁နှစ်အထိ) ဖြစ်ပြီးအတိုးနှုန်းမှာ (၂ကျပ်မှ ၅ကျပ် ထိ) ဖြစ်ပါသည်။ ချေးငွေချေးယူရာတွင် အပေါင်ခံပစ္စည်း မလိုအပ်ပါ။ သမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှပံ့ပိုးငွေ၏ ချေးငွေကာလမှာ ၆လမှ၁နှစ် ဖြစ်ပြီးအတိုးနှုန်းမှာ ၁.၅%ဖြစ်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့စဉ်အင်ကျေးရွာရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် ရွံ့ဗွက်ရေအိုင်များ ဖြစ်ပေါ်ခြင်း၊ ချိုင့်ခွက်များ ဖြစ်ပေါ်နေ၍ သွားလာရခက်ခဲခြင်းများ ရှိပါသည်။ ရွာတွင်းလမ်းအား အဆင့်မြှင့်တင်၍ ကွန်ကရစ်လမ်းခင်းမည်ဆိုပါက သွားလာရလွယ်ကူပြီး အဆင်ပြေချောမွေ့သွားမည်ဖြစ်ပါသည်။ **ရွာတွင် အခြားရွာသို့သွားမည့် ကွန်ကရစ်တံတားတစ်စင်း ရှိပါသည်။ အဆိုပါ တံတားဆောက်လုပ်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း တစ်နှစ်ပတ်လုံး သွားလာနိုင်ပါသည်။**

ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် စက်ဘီးသုံးစွဲသူ အနည်းငယ်သာရှိပါသည်။ စက်ဘီးကို အသက်ကြီးသူများနှင့် ကလေးများသာကျန်းမာရေးအတွက် အသုံးပြုကြပါသည်။ ဆိုင်ကယ် အသုံးပြုသူ များပြားပါသည်။ ကျေးရွာတွင် အိမ်တိုင်းနီးပါး ဆိုင်ကယ်ရှိကြပါသည်။ အဆင်ပြေသောအိမ်များသည် ကား/ထော်လာကျီများ ပိုင်ဆိုင်ကြပါသည်။ ကားနှင့် ထော်လာကျီများကို ခရီးဝေးသွားလာခြင်းနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန်အတွက်သာ အသုံးပြုကြပါသည်။ ကျေးရွာတွင် နွားလှည်း တစ်စီးသာ ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ရွာတွင် JICS နိုင်ငံတကာအဖွဲ့အစည်းမှ ဆောင်ရွက်ပေးသည့် ဆိုလာမီးကို အသုံးပြုပါသည်။ မီးလင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် လူခန့်ထားပါသည်။ ယခုအခါ ကျွန်တော်တို့ စဉ်အင်ရွာသည် လျှပ်စစ်မီးရရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျွန်တော်တို့ရွာတွင် ရုပ်သံသတင်း ကြည့်ရှုနားဆင်ရန် တီဗွီ၊ ဂြိုလ်တုစ လောင်း အသုံးပြုသူများပါသည်။ ကျွန်တော်တို့ရွာ၏ အနောက်ဘက် သီပေါမြို့နယ် ကုံးမုံရွာတွင် တယ်လီဖုန်းတာဝါတိုင် ရှိသောကြောင့် မိုဘိုင်းဖုန်း၊ အင်တာနက်အသုံးပြုသူများလာပြီး သတင်းအချက်အလက်ပေးပို့ခြင်း၊ ဖလှယ်ခြင်းအတွက် အလွန်အဆင်ပြေပါသည်။

၇။ ပညာရေး

ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် စာမတတ်သူဦးရေ(၂၁၄)ဦးရှိပါသည်။ ထိုသူတို့သည် ဒုတိယကမ္ဘာစစ်ကြောင့် စစ်ပြေးရှောင်ရသောသက်ကြီးရွယ်အိုများနှင့် လူလတ်ပိုင်း အချို့သာ ဖြစ်ပါသည်။ မူလတန်းအဆင့်ရှိသူဦးရေ(၃၄၇)ယောက်ရှိပါသည်။အလယ်တန်းအဆင့်ရှိသူဦးရေ(၁၇၅)ယောက်နှင့် အထက်တန်းအဆင့်ရှိသူဦးရေ(၇၀)ယောက်ရှိပါသည်။ ဘွဲ့ရပညာတတ် (၃၆)ယောက်ရှိပါသည်။

ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် လက်ရှိကျောင်းတက်နေသော ဦးရေ (၁၃၄)ယောက်ရှိပါသည်။ မူလတန်းပညာသင်ကြားနေသောဦးရေ ကျား(၃၃)ယောက်၊ မ(၄၁) ယောက်ရှိပြီး အလယ်တန်းပညာသင်ကြားနေသော ဦးရေကျား(၁၂)ယောက်၊ မ(၁၇)ယောက်၊ အထက်တန်းပညာသင်ကြား နေသော ဦးရေကျား(၇)ယောက်၊ မ(၁၄)ယောက်ရှိပြီး တက္ကသိုလ်တက် ရောက်နေသော ဦးရေကျား(၄)ယောက်နှင့် မ(၆)ယောက်ရှိပါသည်။ ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် မူကြိုကျောင်းမရှိသောကြောင့် (၅)နှစ်အောက် ကလေးများသည် အိမ်နှင့်ယာထဲများတွင်သာ အချိန်ကုန် နေကြပါသည်။ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ကြပါသည်။ သို့သော် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်/ကောလိပ်များတွင် ငွေကြေးမတတ်နိုင်ခြင်းကြောင့် တက်ရောက်သူအလွန်နည်းပါသည်။ တချို့သော

မိသားစုများသည် သားသမီးများ၏ပညာရေးထက် ဝမ်းရေးကို ဦးစားပေးရသောကြောင့် အလယ်တန်း ပညာ ဆက်လက်မသင်ကြားနိုင်ဘဲ ကျောင်းထွက်ပြီး မိသားစု၏စားဝတ်နေရေးကို ဖြည့်ဆည်း ကြရ ပါသည်။ တချို့မှာ မိဘအား ကူညီမှုမရှိဘဲ မူးယစ်ဆေးကိုသာ အသုံးပြုကြသဖြင့် လူငယ်များ၏ အနာဂတ်ကာမှာ အလွန် စိုးရိမ်စရာကောင်းပါသည်။

ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် မူလွန်ကျောင်းရှိပါသည်။ ကျေးရွာတွင်း၌သာ တည်ရှိသော ကြောင့် သွားလာမှုအဆင်ပြေပါသည်။ ကျောင်းသို့ ဆိုင်ကယ်/ခြေလျင်ဖြင့် တက် ရောက်ကြပါသည်။ စာသင်ကျောင်းဆောင်(၂)ဆောင်ရှိပါသည်။ ကျောင်းဆောင်(၁)ဆောင်၏ ကြမ်းခင်းဧရိယာမှာ အလျား ၁၆၂ပေ၊ အနံ၁၈ပေ၊ အမြင့်၁၄ပေဖြစ်ပြီး ကျောင်းဆောင်၏ စုစုပေါင်းကြမ်းခင်းဧရိယာမှာ အလျား ၉၀ပေ၊ အနံ၃၀ပေဖြစ်ပါသည်။ ကျွန်တော်တို့ စဉ်အင်ကျေးရွာရှိ မူလွန်ကျောင်းတွင် ကျောင်းအုတ် တံတိုင်းအပြည့်မကာရံထားခြင်းကြောင့် သူခိုးများဝင်ရောက်ခြင်း၊ ဆေးစွဲသူများ ဝင်ရောက်ဆေးသုံးစွဲ ခြင်း၊ တိရစ္ဆာန်များ ဝင်ရောက်ခြင်းများကြောင့် ကျောင်းသား/သူများ၊ ဆရာမများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ခြင်းမရှိပါ။ ကျောင်း၏ပရိဘောဂများမှာ အတော်အသင့် ကောင်းမွန်ပါသည်။ ကျောင်းအမိုး၊ နံရံ၊ အခင်းတို့သည် အတော်အသင့်ကောင်းမွန်ပါသည်။ ကျောင်းအိမ်သာ အခြေအနေ ကောင်းပါသည်။ အာဟာရတိုက်ကျွေးမှုလည်း တစ်ခါတစ်ရံရှိပါသည်။ ကျောင်းဆရာမဦးရေ အစိုးရခန့် (၇)ယောက်နှင့် ကျေးရွာခန့်(၁)ယောက်ရှိပါသည်။

ကျွန်တော်တို့ စဉ်အင်ကျေးရွာရှိစာသင်ကျောင်းတွင် ဆရာ/မလုံလောက်မှုရှိပါသည်။ မူလတန်း ပညာဖြင့် ကျောင်းထွက်နှုန်းနည်းပါသည်။ မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်မရှိပါ။ စာရေးကိရိယာများလည်း လုံလောက်မှု ရှိပါသည်။ ဆင်းရဲသောမိသားစုများ အတွက် ကျောင်းစရိတ် မတတ်နိုင်မှုလည်း အသင့်အတင့် ရှိပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလည်း မရှိပါ။ မိဘဆရာအသင်းကဏ္ဍမှာလည်း ကောင်းမွန်ပါသည်။

၈။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့ စဉ်အင်ကျေးရွာတွင် တီဘီရောဂါ ကျရောက်မှု အနည်းငယ်သာ ရှိပါသည်။ ဆီးချိုရောဂါများလည်း အနည်းငယ်ကျရောက်မှု ရှိပါသည်။ သွေးတိုးရောဂါများ ဖြစ်ပွားမှု မြင့်မား ပါသည်။

ကျွန်တော်တို့ရွာတွင် လွန်ခဲ့သော (၁၂)လအတွင်း အဆုတ်ရောဂါကာကွယ်ဆေး၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါ ကာကွယ်ဆေး၊ မေးဆိုင် ကာကွယ် ဆေး၊ ဝက်သက်ရောဂါကာကွယ်ဆေးထိုးကြပါသည်။ အာဟာရမွတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) ရှိပါသည်။ အာဟာရ ပညာပေး အစီအစဉ်ရှိပါသည်။

ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။

အခန်းကုတင်များ လည်း လုံလောက်မှုရှိပါသည်။ တိုက်နယ်ဆေးရုံသည် ကျေးရွာမှ (၉)မိုင်ခန့်အကွာတွင် တည်ရှိ ပါသည်။ မြို့နယ်ဆေးရုံသည် ကျေးရွာမှ(၂၅)မိုင်ခန့်ကွာဝေးသော တိုက်နယ်ဆေးရုံမှမနိုင်မှသာလျှင်
လားရှိုးမြို့ပေါ်သို့သွားရောက်ကုသကြရပါသည်။ကျွန်တော်တို့စဉ့်အင်ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း ကျေးလက်ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန် အိမ်ရာနှင့်အိမ်သာ မရှိသောကြောင့် အလွန်ပင်ခက်ခဲပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် ဆေးဆိုင်မရှိပါ။

ကျွန်တော်တို့ စဉ့်အင်ကျေးရွာတွင် တစ်ရွာလုံး နီးပါးစိမ့်စမ်းရေကိုသာ အသုံးပြုကြပါသည်။ စိမ့်စမ်းရေထွက်ရှိသောနေရာနှင့်ကျေးရွာသည် (၃)မိုင်ခန့် ကွာဝေးပါသည်။ စိမ့်စမ်းရေထွက်မှ ကျေးရွာတွင်းရှိ ရေလှောင်ကန်သို့ ပိုက်ဖြင့်သွယ်တန်းကာသိုလှောင်ထားပါသည်။ ရေလှောင်ကန်မှတဆင့် အိမ်တိုင်ရာရောက် ပိုက်ဖြင့် သွယ်တန်းအသုံးပြုကြပါသည်။ စိမ့်စမ်းရေမှ တစ်နှစ်ပတ်လုံး ရေရရှိသော်လည်း ရွာတွင်းသို့ ဖြန့်ဝေသည့် Main Distribution ပိုက်အရှည်ပေ (၁၂၀၀၀)မှာ ဟောင်းနွမ်း ပျက်စီးနေသဖြင့် အသစ် လဲလှယ်တပ်ဆင်ရန် လိုအပ်ပါသည်။ နမ္မချောင်းမှ ရေကိုလည်း အသုံးပြုကြသူများလည်း ရှိပါသည်။ သောက်သုံးရေအရည်အသွေး စမ်းသပ်စစ်ဆေးထားမှုမရှိပါ။ ရေအရည်အသွေးကောင်းမွန်ပါသည်။

ကျွန်တော်တို့ စဉ့်အင်ကျေးရွာတွင် တစ်ရွာလုံးနီးပါး ရေလောင်းနှင့်ယင်လုံအိမ်သာကို အသုံးပြုကြ ပါသည်။ ရေဆွဲ နှင့် တွင်းရှိ/ဧလားအိမ်သာ အသုံးပြုသော အိမ်ထောင်စု အချို့ ရှိပါသည်။

၉။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရွာအနီး ပတ်ဝန်းကျင်တွင် ထိကရုန်း၊ ဆင်တုန်းမန္တယ်၊ သံမနိုင်ကျောက် မနိုင်၊ ဂျာမဏီ (ပီဇာ) စသည့် ဆေးဘက်ဝင်အပင်များကို တွေ့ရပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များအနေဖြင့် ဌက်၊ ရှဉ့်၊ မြွေ၊ တောကြက်၊ တောဝက်နှင့် တောကြောင်စသည့်အကောင်များကို အများဆုံးတွေ့ရပါသည်။

ကျွန်တော်တို့စဉ့်အင်ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်းများကြောင့် လူငယ်များ ထိခိုက်မှုမြင့်မားပါသည်။ ကျွန်တော်တို့ကျေးရွာရှိမြေယာမဲ့ဆင်းရဲသား တောင်သူများသည် နေ့စား၊ ကျပန်းလုပ်ကိုင်ကြရသောကြောင့် စီးပွားရေးအဆင်မပြေကြပါ။ ထို့ကြောင့် လုပ်အား ခပိုမိုရရှိသော ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသူများပါသည်။ရွှေ့ပြောင်းလုပ်သားများသည် အလုပ်အာမခံချက်မရှိသောကြောင့် ထိခိုက်မှုမြင့်မားပါသည်။

ကျွန်တော်တို့စဉ့်အင်ကျေးရွာတွင် သစ်ပင်ခုတ်၍ မီးသွေးဖုတ်ခြင်း၊ သစ်ခုတ်၍ တောင်ယာနှင့် ဥယျာဉ်ခြံများလုပ်ကိုင်သူများပြားလာသောကြောင့် သစ်တောပြုန်းတီးမှု များပြားနေပါသည်။

၁၀။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ သာရေး၊ နာရေးများတွင် အမျိုးသမီးများက ချက်ပြုတ်

တာဝန်ယူပြီး အမျိုးသမီးငယ်များက ကျွေးမွေးမှုတာဝန်ကို လုပ်ကိုင်ကြပါသည်။ ကျွန်တော်တို့စဉ်အင်ကျေးရွာရှိအမျိုးသမီးများသည် ကျေးရွာ၏ လူမှုရေးကိစ္စရပ်များတွင် တတ်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အကြမ်းဖက်မှုများမရှိပါ။ သို့သော် အမျိုးသမီးများ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာအသိအမြင်များလည်းမရှိပါ။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် လူငယ်များ အနားယူအပန်းဖြေရန် နေရာများ၊ ဘောလုံးကွင်း၊ အားကစားကွင်းများ မရှိခြင်းကြောင့် မူးယစ်ဆေးဝါးနှင့် ဖုန်းအင်တာနက်လိုင်းများ သုံးစွဲသူများပြားပါသည်။ ကျွန်တော်တို့စဉ်အင်ကျေးရွာရှိလူငယ်များသည် ကျေးရွာ၏ လူမှုရေးလုပ်ငန်းများတွင် တတ်ကြွစွာပါဝင်လုပ်ကိုင်ကြပါသည်။ သာရေး/နာရေးကိစ္စရပ်များတွင်လည်း လူငယ်များပါဝင်ကူညီလုပ်ကိုင်ကြပါသည်။ လူငယ်များသည်အလှူခံခြင်း၊ ဓမ္မစကြာရွတ်ဆိုခြင်းနှင့်ဘုန်းကြီးကျောင်းဝေယျဝေစ္စများကိုလည်း ကူညီလုပ်ကိုင်ကြပါသည်။ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲတွင် ရိုးရာဝတ်စုံများ ဝတ်ဆင်ပြီးအကဖြင့်ဖျော်ဖြေကာ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအမွေအနှစ်များကိုစဉ်လာမပြတ် ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့ရွာ၏အနောက်ဘက်ရှိကုန်းမုံရွာတွင် တယ်လီဖုန်းတာဝါတိုင်ရှိသောကြောင့် မိုဘိုင်းဖုန်း/အင်တာနက်အသုံးပြုသူများလာပြီး သတင်းအချက်အလက်ပေးပို့ခြင်း၊ ဖလှယ်ခြင်းအတွက် အလွန်အဆင်ပြေပါသည်။ ကျွန်တော်တို့စဉ်အင်ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲသူများလာသောကြောင့် အလွန်စိုးရိမ်ရပါသည်။ သူခိုးများလည်းပေါများလာပါသည်။

ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ရွာတွင်းအိမ်သွယ်ရေတိုင်နှင့် မီတာများတပ်ဆင်ရန်လိုအပ်သည့် Main Distribution ပိုက်များ လဲလှယ်ခြင်း	၁	✔				
၂	တောင်သူပညာပေးသင်တန်း	၂	✔				
၃	နာနတ်နှင့်ပတ်သက်သည့် ထုတ်ကုန်သင်တန်း	၃	✔				
၄	ဓါတ်မြေဩဇာ၊ မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ခြင်း	၄	✔				
၅	ကျေးရွာထုတ်ကုန်များ ဈေးကွက်ချိတ်ဆက်ပေးရန်	၅	✔				
၆	ကျောင်းခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း	၆		✔			
၇	ကျေးလက်ဆေးပေးခန်းဝန်ထမ်းအိမ်ရာနှင့်အိမ်သာတည်ဆောက်ခြင်း	၇		✔			
၈	မူကြိုကျောင်းတည်ဆောက်ခြင်း	၈		✔			
၉	လူမှုရေးယာဉ်/မီးသတ်ယာဉ်ထောက်ပံ့ခြင်း	၉			✔		
၁၀	အမှိုက်သိမ်းယာဉ်ထောက်ပံ့ပေးခြင်း	၁၀			✔		

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁၁	ရွာတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း	၁၁			✔		
၁၂	ဈေးအဆောက်အအုံ အဆင့်မြှင့်တင်ခြင်း	၁၂				✔	
၁၃	ကျေးရွာအားကစားကွင်းတည်ဆောက်ခြင်း	၁၃					✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) စဉ့်အင်ကျေးရွာ

ကျေးရွာ	– စဉ့်အင်ကျေးရွာ
ကျေးရွာအုပ်စု	– စဉ့်အင်ကျေးရွာအုပ်စု
မြို့နယ်	– လား:ရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	– ရှမ်းပြည်နယ်(မြောက်ပိုင်း)

စီမံချက်အမည်– စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း

စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- စဉ့်အင်ကျေးရွာတွင် စိမ့်စမ်းရေသည် ရွာသို့ရောက်ရှိသော်လည်း ဖြန့်ဝေပိုက်များ ပျက်စီးနေသဖြင့် ပြန်လည်လဲလှယ်ရန်လိုအပ်သောကြောင့် ဤစီမံချက်ကို တောင်းခံရခြင်းဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)

- ရေကောင်းရေသန့်ရရှိရန်၊
- သောက်သုံးရေလုံလောက်စွာ ရရှိရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)

- ရေကောင်းရေသန့်ရရှိခြင်း၊
- ရွာသူရွာသားများ ရေလုံလောက်စွာ သုံးစွဲနိုင်ခြင်း၊
- စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် ရွာရှိဘုန်းကြီးကျောင်းများတွင် ရေရရှိခြင်း၊
- ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)

- အိမ်သွယ်ရေတိုင်နှင့် ရေမီတာများ တပ်ဆင်ရန် လိုအပ်သည့် အရှည်ပေ (၁၂၀၀၀) Main Distribution ပိုက်ပြင်ရန် (၂” Ø PVC)ပိုက်လုံးရေ(၆၃၂)လုံး ထောက်ပံ့ပေးခြင်း

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀(ငွေသား) • ××××××××(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ

• ××××××××× (ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၃၇၀	၃၉၂	၇၆၂	၃၅	၃၂	၂၈	၉၂	၁၈၇
အကျိုးခံစားမည့်သူဦးရေ	၃၇၀	၃၉၂	၇၆၂	၃၅	၃၂	၂၈	၉၂	၁၈၇
မှတ်ချက်။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) **စဉ့်အင်**ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –
(၃) စီမံချက်ပြီးစီးမည့်အချိန် –
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များ ကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။ • အိမ်သွယ်ရေတိုင်နှင့်ရေမီတာများ တပ်ဆင်ရန် လိုအပ်သည့် အရှည်ပေ (၁၂၀၀၀) Main Distribution ပိုက်ပြင်ရန် (၂” Ø PVC)ပိုက်လုံးရေ(၆၃၂)လုံး ထောက်ပံ့ပေးခြင်း ဆောင်ရွက်ရာတွင် ကျေးရွာသူ/သားများ စည်းစည်းရုံးရုံး နှင့် လူအင်အားများစုစည်းကာ ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင် ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။
- အိမ်သွယ်ရေတိုင်နှင့်ရေမီတာများ တပ်ဆင်ရန် လိုအပ်သည့် အရှည်ပေ (၁၂၀၀) Main Distribution ပိုက်ပြင်ရန် (၂" Ø PVC)ပိုက်လုံးရေ(၆၃၂)လုံး ထောက်ပံ့ပေးခြင်း နှင့်ပတ်သက်၍ရေရှည် တည်တံ့စေရေး အတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြား ချက်များထားရှိပါမည်။
- ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ် ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

စဉ်အင်ကျေးရွာ၊ စဉ်အင်ကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစိန်ဝင်း	ဦးသောင်း	၇/ခမန(နိုင်)၀၅၈၁၃	ဥက္ကဋ္ဌ	၀၉-၉၇၈၄၇၅၂၆၄
၂	ဦးစိုင်းမောင်ညွန့်	ဦးရှောက်ရှင်	၁၃/လရန(နိုင်)၀၉၇၅၉၀	အတွင်းရေးမှူး	၀၉-၉၅၅၇၆၁၇၈၉
၃	ဒေါ်ရွှေအိမ်	ဦးသာသန	၁၃/လရန(နိုင်)၀၄၃၄၇၅	ဘဏ္ဍာရေးမှူး–ဥက္ကဋ္ဌ	၀၉-၄၅၇၂၅၆၆၈၅
၄	ဒေါ်မြဟန်	ဦးဟန်ထွန်း	၁၃/လရန(နိုင်)၀၄၃၉၄၅	ဘဏ္ဍာရေးမှူး	၀၉-၉၆၁၂၉၀၀၇၈
၅	ဦးစိုင်းမြင့်အောင်	ဦးမောင်လင်း	၁၃/လရန(နိုင်)၁၃၈၀၂၈	စာရင်းကိုင်(၁)	၀၉-၉၅၁၇၅၁၀၀၉
၆	ဒေါ်နန်းမိုဆိုင်	ဦးစိုင်းအောင်ရွှေ	၁၃/လရန(နိုင်)၁၃၈၀၃၈	စာရင်းကိုင်(၂)	၀၉-၉၆၇၆၆၄၁၉၉
၇	ဦးစိုင်းမွန်းခမ်း	ဦးစိုင်းအေ	၁၃/လရန(နိုင်)၁၃၈၀၂၀	စာရင်းစစ်(၁)	၀၉-၉၅၅၇၆၁၇၈၉
၈	ဒေါ်နန်းထွေးလင်း	ဦးစိုင်းလူး	၁၃/လရန(နိုင်)၁၉၉၄၁၆	စာရင်းစစ်(၂)	၀၉-၂၆၃၅၀၂၈၃၃
၉	ဦးဝင်းဗိုလ်	ဦးသောင်းတင်	၉/ပဥန(နိုင်)၀၅၂၀၂၃	အဖွဲ့ဝင်	၀၉-၄၅၇၃၁၈၉၈၀

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၅	၁၂
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၃၁	၂၉	၆၀
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၅	၃၄	၇၄
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၄	၂၂	၆၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၄၇	၂၉၂	၆၆၆
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၆	၁၀	၃၆
စုစုပေါင်း		၃၇၀	၃၉၂	၇၆၂
စုစုပေါင်း အိမ်ထောင်စု				၁၈၇

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)နှစ်မပြည့်မီ အရွယ်၊ ၁၅နှစ်မှ ၆၄နှစ် ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့စဉ့်အင်ကျေးရွာတွင် ရှမ်းလူမျိုးများ နေထိုင်ကြပါသည်။ အိမ်ထောင်စု(၁၈၇)စု ရှိပြီး လူဦးရေ စုစုပေါင်း(၇၆၂)ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ ကျွန်တော်တို့ စဉ့်အင်ကျေးရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျား(၇)ဦး၊ မ(၅)ဦး၊ (၅)နှစ်အောက် ကလေးငယ်မှာ ကျား(၃၁)ဦး၊မ(၂၉)ဦး၊ မူလတန်းကျောင်းသားအရွယ်ကျား(၃၅)ဦး၊ မ(၃၄)ဦး၊ အလယ်တန်းကျောင်းသားအရွယ်ကျား(၃၄)ဦး၊ မ(၂၂)ဦး၊ ၁၅နှစ်မှ၆၄နှစ်အလုပ်လုပ်နိုင်သည့် အရွယ်ကျား (၂၄၇)ဦး၊ မ(၂၉၂)ဦး၊ ၆၅နှစ်အထက် ကျား(၁၆)ဦး၊ မ(၁၀)ဦး တို့ဖြစ်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁၂	၃၃၇	၀	မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၅၉	၁၂၄	၀	မြင့်□လတ်☑နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၆	၀	မြင့် □လတ် ☑နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၂	၅	၀	မြင့် □လတ် □နိမ့် ☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၇	**ပညာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၃	၀	မြင့် ☐လတ် ☑နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၉	၁၇	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	စုစုပေါင်း	၁၈၇	၄၉၂		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့စဉ့်အင်ကျေးရွာတွင် အိမ်ထောင်စု(၁၈၇)စုရှိပါသည်။ လူဦးရေ(၇၆၂)ယောက်ရှိပါသည်။ အလုပ်လုပ်နိုင်သူဦးရေ (၆၆၆)ယောက်ရှိပြီး အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူဦးရေ (၂၀)ယောက်ရှိပါသည်။ ကျွန်တော်တို့စဉ့်အင်ရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး ဖြစ်ပါသည်။ စျေးရောင်းသူလည်း ရှိပါသည်။ ကျွန်တော်တို့စဉ့်အင်ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရေကိုစိုက်ပျိုးရေးအဖြစ် အသုံးပြုပါသည်။ တောင်သူတို့သည် နာနတ်နှင့် ပြောင်းကို အဓိကစိုက်ပျိုးကြပါသည်။ တစ်နယ်တစ်ကြေးမှ လူတို့သည် ကျွန်တော်တို့ရွာတွင် ခြံဌားပြီး ဖရဲသီးစိုက်ပျိုးကြသည်။ ဖရဲသီးကိုနမ္မချောင်းနှင့် ရွာတွင်းချောင်းငယ်မှတဆင့် ရေသွင်းစိုက်ပျိုးကြသည်။ ခြံဌားပေးသော ခြံရှင်တို့သည် ခြံဌားခရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
